# မူလဝင်ငွေအခြေအနေသို့ ပြန်လည်ရောက်ရှိစေရေးအစီအစဉ် သီလဝါ

# Income Restoration Program in Thilawa

## လူထုဖွံ့ဖြိုးရေးစင်တာ ဆောက်လုပ်ရန် ကွင်းဆင်းလေ့လာခြင်း



လူထုဖွံ့ဖြိုးရေးစင်တာဆောက်လုပ်ရန်ကွင်းဆင်းလေ့လာမှုများကို ၂၀၁၆မတ်လ ကတည်းကစတင်ပြုလုပ်ခဲ့ပါသည်။ ဒေသခံများနှင့် တွေ့ဆုံဆွေးနွေးမှု များအကြိမ်ကြိမ်ပြုလုပ်ခဲ့ပါသည်။ IRP ကျွမ်းကျင် ပညာရှင်အဖွဲ့မှ မြို့ပြ အင်ဂျင်နီယာ နှင့် ပြည်တွင်း ဗိသုကာပညာရှင် များကို ဖိတ်ခေါ်ပေးခဲ့ပါသည်။ ကြားခံစေစပ် ညှိနှိုင်းသူမှ သီလဝါ အထူးစီးပွားရေးဇုန်စီမံခန့်ခွဲရေးကော်မတီ၊ ပြည်တွင်းကျွမ်းကျင်ပညာရှင်များနှင့်ဒေသခံအကြားဆွေးနွေးပွဲများ တွင်အဆင်ပြေအောင်ကူညီခဲ့ပါသည်။ ဒီဇိုင်းကို အတည်ပြုခြင်းနှင့် ဆောက်လုပ်မည့်ကုမ္ပဏီ ကို ရွေးချယ်ပြီးသည့်နောက် မေလ ၁၂ ရက်နေ့တွင်မြေတိုင်းတာခြင်း ပြုလုပ်ခဲ့ပါသည်။

## တောင်ပိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးနှင့်တွေ့ဆုံ၍ IRP၏ လုပ်ငန်းစဉ်များ အကြောင်းကို ဆွေးနွေးခြင်း(၂၀၁၆ မေလ ၂၆ရက်)



သီလဝါအထူးစီးပွားရေးဇုန် စီမံခန့်ခွဲရေးကော်မတီနှင့်ဂျိုက်ကာ ကျွမ်းကျင်ပညာရှင်အဖွဲ့သည် တောင်ပိုင်းခရိုင်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာနမှ အုပ်ချုပ်ရေးမှူးအသစ်နှင့် မေလ ၂၆ရက်နေ့တွင်တွေ့ဆုံခဲ့ပါသည်။ ပြန်လည်နေရာချထားရေးနှင့် ပက်သတ်သည့်အချက်များနှင့်IRP၏လုပ်ငန်းစဉ်များအကြောင်းကို မိတ်ဆက်ရှင်းပြဆွေးနွေးခဲ့ပါသည်။ ထို့အပြင်ဇုန်ဘီပြန်လည်နေရာ ချထားရေးလုပ်ငန်းစီမံချက်ကိုပွင့်လင်းမြင်သာမှုရှိပြီး အဆင်ပြေစွာ အကောင်အထည်ဖော်ဆောင်နိုင်ရန်မှာ ခရိုင်အဆင့်၊သန်လျင် နှင့်ကျောက်တန်းမြို့နယ်အုပ်ချုပ်ရေးပိုင်းတို့၏ ပူးပေါင်းပါဝင်မှုမှာ အရေးကြီးကြောင်းဆွေးနွေးခဲ့ပါသည်။

## Field Survey for Community Center Construction



The field survey has been conducted for construction of Community Center since March, 2016. The series of discussion were held with community people at relocation site. IRP Expert Team supported to bring local architect and civil engineers. Mediator is facilitating the discussion between community people, Thilawa SEZ Management Committee and local experts. After the finalization of design, contractor was selected and land measurement was held to identify the construction area on May 12, 2016.

## Meeting with Deputy Commissioner, Southern District Office (26 May 2016)



Thilawa SEZ Management Committee and JICA Expert Team visited in Southern District General Administration Department to discuss with New Deputy Commissioner on 26 May 2016. The objective of the meeting is to share the information on resettlement program/ IRP at Thilawa SEZ Phase 1/ZoneA. Moreover, importance of collaboration of District and Thanlyin & Kyauktan Township was discussed for implementing resettlement program/IRP at SEZ Zone B in peaceful and transparent way.

Thilawa Resettlement IRP Technical Assistance Team, Address: Corner of Thilawa Development Road & Dagon – Thilawa Road,Thilawa SEZ, Thanlyin Township, Email: irp_information@irpthilawa.com , Phone Number: +959779623649

## ဇရိယာ ၂.၁ အတွင်းနေထိုင်သူများနှင့် ပထမအကြိမ်မြောက် အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ခြင်း (၂၀၁၆ မေလ ၂၈ရက်)




ဇရိယာ ၂.၁ အတွင်းနေထိုင်သူများနှင့် ပထမအကြိမ်မြောက် IRP အလုပ်ရုံ ဆွေးနွေးပွဲကို သီလဝါအထူးစီးပွားရေးဇုန်အတွင်းရှိ OSSC ယာယီ ရုံးခန်းတွင် ၂၀၁၆ ခုနစ် မေလ ၂၈ ရက်နေ့၌ ကျင်းပခဲ့ပါသည်။ ဇရိယာ ၂.၁ မှ ၂၈ ယောက် တက်ရောက်ခဲ့ပါသည်။လက်ရှိအဓိက ဝင်ငွေရသောအလုပ်နှင့် လျော်ကြေးငွေ ရရှိပြီးနောက် ဖြစ်နိုင်ချေရှိသည့် အလုပ်များအကြောင်းကို အဖွဲ့လိုက်ဆွေးနွေးကြပါသည်။ တက်ရောက်သူအများစုသည် ပြောင်းရွှေ့ပြီးနောက်SEZအတွင်းတွင် အလုပ်လုပ်လိုကြပါသည်။ ထိုသို့အလုပ်လုပ်နိုင်ရန်အတွက် အစိုးရဘက်က အကူအညီကို မျှော်လင့်ကြပါသည်။

## The 1st IRP Workshop with Community People from Zone B Area 2.1 (28 May 2016)




The 1st IRP workshop with community people from area 2.1 was conducted at temporary OSSC office in Thilawa on 28 May 2016. Twenty-eight people participated and discussed in group about their current income source and income source to be expected after compensation. Majority of participants expressed that they would like to work in SEZ after resettlement. People expect Myanmar Government to assist for that.

## လူထုဖွံ့ဖြိုးရေးစင်တာ ဆောက်လုပ်ရန် နည်းပညာပိုင်းဆိုင်ရာ အစည်းအဝေးများ






လူထုဖွံ့ဖြိုးရေးစင်တာကို ဆောက်လုပ်ရန် MJTD, ဆောက်လုပ်မည့်ကုမ္ပဏီ နှင့်အတူ နိုင်ငံတကာနှင့် ပြည်တွင်း မြို့ပြအင်ဂျင်နီယာများအများအပါဝင် IRP ကျွမ်းကျင်ပညာရှင် အဖွဲ့တို့သည် နည်းပညာပိုင်းဆိုင်ရာ အစည်းအဝေးများကို ကျင်းပကြပါသည်။ဆောက်လုပ်ရေးအလုပ်သမားများ၏ လုံခြုံရေးအခြေအနေ၊အထွေထွေလုပ်ငန်းစဉ်တိုးတက်မှုနှင့်နည်းပညာ ပိုင်းဆိုင်ရာအချက်များကို အပတ်စဉ်အစည်းအဝေးများတွင် ဆွေးနွေးကြပါသည်။ လုပ်ငန်းစဉ်တခုလုံး၏ တိုးတက်မှု၊ အရေးကြီးသောပြဿနာနှင့် ဖြေရှင်းနည်းများအကြောင်းကို လစဉ်အစည်းအဝေးများတွင်ဆွေးနွေးကြပါသည်။ဆောက်လုပ်ရေး လုပ်ငန်းလုံခြုံစွာနှင့် အဆင်ပြေစွာ ဆက်လက်လုပ်ကိုင်နိုင်ရန် နည်းပညာရှင်များနှင့်နည်းပညာ ပိုင်းဆိုင်ရာအစည်းအဝေးများ၊ ဆွေးနွေးမှုများ အကြိမ်ကြိမ်ပြုလုပ်ကြပါသည်။

## Technical Meetings for Community Center Construction






The technical meetings have been held among MJTD, Contractor and IRP Expert team including international &local civil engineers for construction of Community Center. Regular meeting is held every week to confirm general progress, technical issue, safe & security for workers. Monthly meeting is also conducted to check entire progress, major problem and the countermeasure, if any. In order for construction work to proceed smoothly and safely, a lot of technical meetings and discussions are held among technicians.

Thilawa Resettlement IRP Technical Assistance Team, Address: Corner of Thilawa Development Road & Dagon – Thilawa Road,Thilawa SEZ, Thanlyin Township, Email: irp_information@irpthilawa.com , Phone Number: +959779623649